WORKING WITH DISPLACED PEOPLE

# TBC မဟာ ဗျူဟာအစီအစဉ်

# (၂၀၂၄-၂၈)



The Border Consortium



# နိဒါန်း

TBC အဖွဲ့သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ နေရာပြောင်းရွှေ့ထွက်ပြေးနေကြရသူများနှင့် စစ်ပွဲ ပဋိပက္ခကြောင့် ထိခိုက်နစ်နာရသူများအတွက် နှစ်ပေါင်း ၄၀ နီးပါး လုပ်ကိုင်ဆောင်ရွက်နေဆဲဖြစ်ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် စစ်ပွဲ တိုက်ခိုက်မှုများ ကြောင့်၊ တကျော့ပြန် ထွက်ပြေးရမှုများကြောင့် ထိခိုက်နစ်နာရသူများ အပေါ် ကာကွယ်မှုပေးရေးကိစ္စများလည်း ဆောင်ရွက်နေသည်။ ထို့အပြင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့အခွင့်အရေးအခြေခံ နှင့် ရပ်ရွာလူထုက ဦးဆောင်သော ချည်းကပ်မှုများ အပေါ်တွင်လည်း ပံ့ပိုးကူညီပေးနေပါသည်။

ယခု စာတမ်းတွင် ၂၀၂၃-၂၀၂၅ ခုနှစ်များအတွက် လက်ရှိအခြေအနေနှင့် TBC အဖွဲ့၏ ပင်မရည်မှန်းချက်များ၊ သံနိဋ္ဌာန် ပိုင်းဖြတ်ထားမှုများကို ဖော်ပြထားပါသည်။ မဟာဗျူဟာ ဦးတည်ချက် ၄- ခုနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြထားပြီး၊ ၎င်းတို့က ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများရှိ လုပ်ငန်းအစီအစဉ်များအတွက် လမ်းညွှန်အဖြစ် ကိုင်စွဲဆောင်ရွက်သွားမည် ဖြစ်သည်။ ယင်းကို TBC ၏ ဘုတ်အဖွဲ့၊ ၎င်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ မိတ်ဘက်အဖွဲ့အစည်းများ နှင့် အခြားအရေးပါသည့် အင်အားစုများနှင့် တိုင်ပင်အကြံရယူ ရေးဆွဲထားခြင်း ဖြစ်ပါသည်။





# မြော်မြင်ချက်

TBC အဖွဲ့က နေရာပြောင်းရွှေ့ထွက်ပြေးနေကြရသူ ရပ်ရွာလူထုများ လူ့အခွင့်အရေး ရရှိနိုင်ရန်နှင့် မတူကွဲပြားမှုများကို လက်ခံ၍ လုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်သော အနာဂတ်ကို မြော်ရည်ထားပါသည်။

# ဦးတည်ချက်

TBC သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ မဟာမိတ်အဖွဲ့အစည်းတခုဖြစ်ပြီး၊ မြန်မာ နိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ နေရာပြောင်းရွှေ့ ထွက်ပြေးနေကြရသူများနှင့် စစ်ပွဲ ပဋိပက္ခ ကြောင့် ထိခိုက်နစ်နာရသူများနှင့် အတူတကွ လုပ်ဆောင်နေပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန် နှင့် တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုး တက်ရေး အတွက် လူ့အခွင့်အရေး အခြေခံနှင့် ရပ်ရွာလူထုက ဦးဆောင်သည့် ချည်းကပ်မှုများ ဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်နေပါသည်။

# အဓိကကျသော တန်ဖိုးထားမှုများ

- ဂုဏ်သိက္ခာ နှင့် လေးစားမှု
- တရားမျှတမှု နှင့် တန်းတူမှု
- ယုံကြည်မှု နှင့် သမာဓိရှိမှု
- အဓိပ္ပါယ်ရှိသော ပါဝင်မှု နှင့် ခေါင်းဆောင်မှု

THE BORDER CONSORTIUM

# မဟာဗျူဟာ ဆုံးဖြတ်ချက်များ (၂၀၂၃-၂၀၂၅)

## 1. လူသားချင်းစာနာမှုဆိုင်ရာ အရေးပါမှုကို ဦးစားပေးခြင်း

နေရာပြောင်းရွှေ့ ထွက်ပြေးနေကြရသူများနှင့် စစ်ပွဲပဋိပက္ခကြောင့် ထိခိုက်နစ်နာ ရသူ လူထုများ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပေးရန်၊ ဤသို့ဖြေရှင်းရာတွင် အထူးနစ်နာ ဖွယ်ရှိသည့်သူများကို အလေးပေးဆောင်ရွက်ရန်၊ ရွှေ့ပြောင်းထွက်ပြေးရသူ ရပ်ရွာများအတွက် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် အစား အသောက် မဟုတ်သည့် ပစ္စည်းများကို တန်းတူညီမျှစွာ ရရှိနိုင် ရေး ထောက်ပံ့ပေး ရန်။

## 2. ကြံ့ကြံ့ခံနိုင်စွမ်းရည်နှင့် ပြန်လည်ထူထောင်မှုကို အားဖြည့်ပေးခြင်း

နေရာပြောင်းရွှေ့ ထွက်ပြေးရခြင်းကြောင့် ရေရှည်သက်ရောက်မှုများ ဖြစ်စေသော စားနပ်ရိက္ခာ လုံခြုံ မှုနှင့် အာဟာရရှိရေး ပြဿနာများကို လျော့နည်းကျဆင်းစေရန်၊ နေရာပြောင်းရွှေ့ ထွက်ပြေးနေကြရ သူများနှင့် စစ်ပွဲပဋိပက္ခကြောင့် ထိခိုက်နစ်နာရ သူများအတွက် အာဟာရ ရရှိမှု၊ သဘာဝပတ်ဝန်းကျင် သန့်ရှင်းမှု၊ ဥတုဖောက်ပြန် ပြောင်းလဲမှုအတွက် လျော်ညီသည့် စိုက်ပျိုးရေး၊ စီးပွားရေးလုပ်ငန်းငယ် များ နှင့် အလုပ်အကိုင်ရရှိမှုတို့ကို မြှင့်တင်ပေးရန်။

## 3. ကာကွယ်မှုပေးရေး နှင့် လုံခြုံသော အနာဂတ်များကို မြှင့်တင်ဆောင်ရွက်ပေး ခြင်း

နေရာပြောင်းရွှေ့ ထွက်ပြေးနေကြရသူများနှင့် စစ်ပွဲပဋိပက္ခကြောင့် ထိခိုက်နစ်နာရ သူများ ဘေးအန္တရာယ်ကျရောက်နိုင်မှုကို လျော့ချပေးရန် နှင့် လုံခြုံ၍ ဂုဏ်သိက္ခာ ရှိသော လမ်းကြောင်းများ ကို နှိုးဆော်ရှာဖွေနိုင်ရန်၊ မြန်မာနိုင်ငံတွင် လူသားလုံခြုံမှု ရရှိနိုင်ရေးအပါအဝင် လူ့အခွင့်အရေးများကို ခုခံကာကွယ်ပေးရန်၊ ထိုင်းနိုင်ငံတွင် အမိုးအကာနှင့် အလုပ်အကိုင် ရရှိနိုင်ရန် နှင့် တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေ ချနိုင်ရန်။

## 4. ဒေသန္တရ အုပ်ချုပ်မှုစနစ်ကို အားကောင်းသန်မာစေခြင်း

ကိုယ်စားပြုမှုကို ပို၍စုံလင်ကျယ်ပြန့်စေရန် နှင့် အစီအစဉ်များနှင့် ဝန်ဆောင်မှုများ ပေးရာတွင် ပိုင်ရှင် သဖွယ်ဖြစ်မှုနှင့် ကြီးကြပ်မှုလုပ်ငန်းများတွင် တာဝန်ယူ တာဝန်ခံ မှုကို မြှင့်တင်ပေးရန်။ ဒုက္ခသည် များ၊ အရပ်ဘက်လူမှု မိတ်ဖက်အဖွဲ့အစည်းများ၊ ဒေသန္တရအာဏာပိုင်များ၊ အလှူရှင်များ၊ အခြားသော အရေးပါသည့်အင်အားစုများ နှင့် အတူ ပူးပေါင်းဆောင်ရွက်၍ အပြောင်းအလဲကို တာဝန်သိစွာနှင့် ပွင့်လင်းမြင် သာမှုရှိစွာ စီမံခန့်ခွဲနိုင်ရန်။



# အခြေခံ မူဝါဒများ

TBC အဖွဲ့သည် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းဆောင်တာများနှင့် ဒုက္ခသည်များအပေါ် ကာကွယ်မှုပေးရေး လုပ်ငန်းများတွင် နိုင်ငံတကာစံချိန်စံနှုန်းများအတိုင်း ဖြစ်စေရန် သံန္နိဋ္ဌာန် ပြုထားပါသည်။ လူတဦးချင်းနှင့် ရပ်ရွာတို့၏ လူ့အခွင့်အရေးများသည် အစီအစဉ်များ ဒီဇိုင်း ရေးဆွဲရာ၊ အကောင်အထည်ဖော်ရာ နှင့် တိုက်တွန်းစည်းရုံးမှုဆိုင်ရာ လုပ်ငန်းများတွင် အခြေ ခံ အုတ်မြစ် ဖြစ်ပါသည်။ ဤသို့သော စိတ်ပိုင်းဖြတ်ထားမှုများသည် TBC အဖွဲ့၏လုပ်ငန်းများ အားလုံး၏ အခြေခံဖြစ်ပြီး၊ TBC အဖွဲ့၏ လူ့ဂုဏ်သိက္ခာနှင့် လေးစားမှု၊ တရားမျှတမှုနှင့် တန်း တူမှု၊ ယုံကြည်မှု နှင့် တည်ကြည်မှု၊ ဒေသန္တရ ရပ်ရွာလူမှုအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်များကို မြှင့်တင်ပေးခြင်း.. စသည့် တန်ဖိုး ထားမှုများတွင် ထင်ဟပ်နေပါသည်။

## လူ့အခွင့်အရေး အခြေခံချည်းကပ်မှု

လူသားအားလုံးသည် တန်းတူညီမျှဖြစ်၍ တန်ဖိုး ထားမှု နှင့် ဂုဏ်သိက္ခာတို့ မွေးရာပါဖြစ် ကြောင်း အသိအမှတ်ပြု၍ TBC အဖွဲ့က မိတ်ဖက်အဖွဲ့ အစည်းများ၊ ရပ်ရွာလူထုများ၏ အကြံ ပြုချက်များ ကို မူဝါဒများ ချမှတ်ရာ၊ ဆုံးဖြတ်ချက်များပြုရာ နှင့် အစီအစဉ်များ ဆောင်ရွက်ရာ တွင် ထိုသူတို့၏ ဌာနေ တိုင်းရင်းသား အခွင့်အရေးများကို လေးစားလိုက်နာ ရန် နှင့် ယင်း အခွင့်အရေးများကို ထိန်းသိမ်းမြှင့်တင် ရန်နှင့် ကာကွယ်ပေးရန်အတွက်နှင့် မြန်မာနိုင်ငံမှ နေ ရာ ပြော င်း ရွှေ့ ထွ က် ပြေး နေ ကြ ရ သူ များ နှ င့် စစ်ပွဲပဋိပက္ခကြောင့် ထိခိုက်နစ်နာရသူများ တို့၏ လိုအပ်ချက်များ နှင့် အကျိုးစီးပွားတို့ကို ပံ့ပိုးပေးနေ ပါသည်။

## တန်းတူမှုနှင့် လူတိုင်းပါဝင်နိုင်မှု

လူအချင်းချင်း ခွဲခြားဖိနှိပ်မှု မရှိစေရေး နှင့် လွှမ်းမိုး ထားသည့် အုပ်စုမဟုတ်သူများ လူမှုသဟ ဇာတဖြစ်စေ ရေးအတွက် ပါဝင် ဆောင်ရွက်နိုင်ရေး အရေးကြီးပုံကို အလေးထား၍ TBC အဖွဲ့ က အမျိုးသမီးများ၊ ကလေး ငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ အပါအဝင်ဖြစ် သည့် အထူးထိခိုက်ဖွယ် ရှိသူများ အတွက် အထူးအလေးပေး ဆောင်ရွက်နေသည်။ TBC အဖွဲ့ က ကျား-မတန်းတူရေးအတွက် နှင့် မသန်စွမ်းမှု၊ လူမှုရေးအရ ပါဝင် ဆောင်ရွက်နိုင်မှု (GEDSI) အပေါ် သံန္နိဋ္ဌာန်ချမှတ်ထားပြီး၊ မတူခြားနားသည့် လိင်တိမ်း ညွှတ်မှု၊ ကျား-မ ကြန် အင်လက္ခဏာ နှင့် ဖော်ပြမှုများ (SOGIE) အတွက် ပံ့ပိုးကူညီပေးနေသည်။

## တာဝန်ယူတာဝန်ခံမှု

တာဝန်ယူတာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု နှင့် ရပ်ရွာလူထုများ၊ အလှူရှင်များနှင့် ညွန့်ပေါင်း အဖွဲ့ (Consortium) အဖွဲ့ဝင်များထံသို့ တုံ့ပြန်နိုင်စွမ်း အရည်အသွေးအပေါ် စိတ်ပိုင်းဖြတ် ထားပါသည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိမြင်မှု

တန်းတူညီမျှမှုရှိစွာ နှင့် ရေရှည်တည်တံ့သည့် သဘာဝ ရင်းမြစ် စီမံခန့်ခွဲမှု မြှင့်တင်နိုင်ရေး အတွက်၊ သက်ဆိုင်ရာ ဌာနေမြေယာ အခွင့်အရေးများနှင့် ကျင့်သုံးမှုများအပေါ် လေးစား လိုက်နာရေး ပူးပေါင်းလုပ်ဆောင်နေသည်။ နည်း ပညာသုံး၍ အဖြေရှာပြီး ဥတုရာသီဖောက် ပြန်ပြောင်းလဲမှု များအပေါ် ကြံ့ကြံ့ခံနိုင်ရေး ဦးစားပေး ဆောင်ရွက်နေသည်။ TBC အဖွဲ့က မိမိတို့၏ လုပ်ငန်းများကြောင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု လျှော့ နည်းရ လေအောင် သံန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်နေပါသည်။

## ဘေးအန္တရာယ်မဖြစ်စေရေး (Do no harm)

ပဋိပက္ခများကို မီးပွားစေမည့် ဘေးအန္တရာယ်များ လျှော့နည်းရလေအောင်၊ သို့မဟုတ် TBC အဖွဲ့အစည်းက ကူညီပေးရန် ကြိုးပမ်းနေသည့် လူများအပေါ် ဘေးအန္တရာယ် မကျ ရောက်ရလေအောင်၊ သင့်လျော်သော လုပ်ငန်းဆောင်တာများ ဆောင်ရွက်သွားမည်။

## ကာကွယ်မှုပေးရေး

နေရာပြောင်းရွှေ့ထွက်ပြေးနေကြရသူများနှင့် စစ်ပွဲ ပဋိပက္ခကြောင့် ထိခိုက်နစ်နာရသူ လူထု များ၏ လုံခြုံမှု၊ ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများကို ဦးစားပေး ဆောင်ရွက်ရန်၊ ယင်းတို့တွင် ရေရှည်တည်တံ့သည့် အဖြေ များ မြှင့်တင် ရှာဖွေရေးနှင့် လုံလောက်သည့် ကာကွယ် စောင့် ရှောက်မှု သေချာပေးရေး အပါအဝင် ဖြစ်သည်။

## တာဝန်ယူမှုနှင့် တိုက်တွန်းစည်းရုံးမှု

မိတ်ဖက်များ၊ အရပ်ဘက်လူမှုအဖွဲ့များ (CSOs)၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်များ နှင့် လုပ်ဆောင်၍ နေရာပြောင်းရွှေ့ထွက်ပြေးနေကြရသူများ နှင့် စစ်ပွဲပဋိပက္ခကြောင့် ထိ ခိုက်နစ်နာရသူများ၏ အခြေခံ အခွင့်အရေးများ ရရှိနိုင်ရေးနှင့် လေးစားမှုရှိစွာ၊ ကာကွယ် ပေးမှု ရှိစွာနှင့် မြှင့်တင်အားပေးမှု ရှိစွာ ပြုမူဆက်ဆံရေးတို့ အတွက် တိုက်တွန်းစည်းရုံးနေသည်။

# အခြေအနေ သုံးသပ်မှု

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာ စစ်တပ်က စစ်အာဏာသိမ်း၍ ရွေးကောက် ခံ အစိုးရ ထံမှ အာဏာရယူသိမ်းပိုက်ခဲ့သည်။ ဤဖြစ်ရပ်အပေါ် လူထုသန်းပေါင်းများစွာ လမ်း မများပေါ်ထွက်၍ ဆန္ဒပြခဲ့ကြပြီး၊ ယနေ့ထက်တိုင် လူထုက အာဏာဖီဆန်သည့်နည်းလမ်း များကို ဆက်လက် ဆောင်ရွက်နေဆဲ ဖြစ်သည်။ စစ်တပ်က ငြင်းဆန္ဒပြပွဲများကို အကြမ်းဖက် နည်းလမ်းဖြင့် သုံး၍ တုံ့ပြန်ခဲ့ပြီး လူပေါင်း ၁၆,၀၀၀ ကျော် အဖမ်းဆီးခံခဲ့ရသည်။ လူ ၅,၀၀၀ ကျော် သေဆုံးခဲ့ရသည်။[1] အိမ်ပေါင်း ၃၀,၀၀၀ ကျော် မီးရှို့ခံရ သို့မဟုတ် ဖျက်ဆီးခံခဲ့ ရပြီး လူပေါင်း ၁.၁ သန်းကျော် အိုးအိမ်စွန့်ပစ် ထွက်ပြေးခဲ့ကြရသည်။[2] မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်းဒေသတွင် အရပ်သားပြည်သူများကို ပစ်မှတ်ထား၍ လေကြောင်းမှ တိုက်ခိုက် ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပြီး၊ အိမ် များ၊ ကျောင်းများ၊ ဆေးခန်းများ ထိခိုက်ပျက်စီးစေခဲ့သည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းကွန်ရက်များ၏ ခန့် မှန်းချက်အရ ကရင်ပြည်နယ်နှင့် ကရင်နီပြည်နယ်တို့တွင်ပင် အိုးအိမ် စွန့်ပစ်ထွက်ပြေးရသူ ဒုက္ခသည် (IDPs) ၅၅၀,၀၀၀ ကျော် ရှိနေသည်။ [3]

အရပ်ဘက် လူမှုအဖွဲ့အစည်း (CSOs) များကို အမြဲတစေလိုလို ပစ်မှတ်ထား တိုက်ခိုက်ခံရပြီး၊ ကယ်ဆယ်ရေး လုပ်သားများ သေဆုံးခဲ့ရသည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ (SAC) က ပြည်တွင်းဒုက္ခသည်များနှင့် အကူအညီ လိုအပ်နေသူများထံသို့ မရောက်နိုင်အောင် တမင် သက်သက်တားဆီးပိတ်ပင်မှုများ ရှိနေသည်။ ယိုယွင်းကျဆင်းနေသည့် စီးပွားရေးနှင့် ကျပ် ငွေတန်ဖိုး လျှင်မြန်စွာ ကျဆင်းလာနေမှုကြောင့် သက်မွေးဝမ်းကျောင်းမှုများ အပေါ် ကြီးစွာ သက်ရောက်မှု ရှိစေသည်။ သို့အတွက်ကြောင့် လူများပို၍ ဆင်းရဲတွင်းသို့ ဆင်းသက်လာကြရသည်။ ဤအကြောင်းအချက်များကြောင့် ထိုင်းနိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများ အတွင်း သို့ အစမ္ပွေ့ပြောင်းထွက်ပြေးကြရသည့်အပြင်၊ ပုံမှန်မဟုတ်သည့် ဧရာမ လူထုရွှေ့ပြောင်း အခြေချမှု ဖြစ်ပေါ်လာစေသည်။ ၂၀၂၂ ခုနှစ်အကုန်တွင် ပြည်တွင်းဒုက္ခသည် (IDPs) သိန်းချီ၍ ထိုင်း-မြန်မာနယ်စပ်အနီးတွင် ခိုလှုံနေကြရသည်။ ဘေးအန္တရာယ်နှင့် စားနပ်ရိက္ခာ မလုံခြုံမှု လည်း ဆိုးရွားလာနေသည်။[4]

TBC အဖွဲ့က မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အရပ်သား ၅၀၀,၀၀၀ ကျော်ကို စစ်အာဏာသိမ်း ချိန်မှစတင်၍ မိမိတို့နှင့်ချိတ်ဆက်ထားသည့် ကျယ်ပြန့်သော ဒေသခံ အရပ်ဘက် လူမှုအဖွဲ့အစည်း (CSOs) ကွန်ရက်များနှင့် တိုင်းရင်းသားတို့၏ ဝန်ဆောင်မှုပေး ရေး အဖွဲ့အစည်းများမှတဆင့် ကူညီပေးခဲ့ပါသည်။ ဤသို့ သွေးစည်းညီညွတ်မှုကို အခြေပြု သည့် ချည်းကပ်မှုကြောင့် စစ်ရေးတိုက်ခိုက် ပစ်မှတ်ထားခံရသည့် ရပ်ရွာများရှိ လူသားဆိုင်ရာ လုံခြုံမှု ထိခိုက်နစ်နာရမှုများကို လျှော့နည်းစေနိုင်ခဲ့ပါသည်။ ဤသို့ကူညီမှုများမှာ စစ် ကောင်စီ (SAC) နှင့် ထိတွေ့ဆက်ဆံမှုမှတဆင့် လူသားချင်းစာနာမှု အကူအညီပေးခွင့်ရရေး ကြိုးပမ်းဆောင်ရွက်နေကြသည့် အဖွဲ့အစည်း အေဂျင်စီများ၏ ချည်းကပ်မှု

1 https://aappb.org/
2 https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-23-31-october-2022
3 https://www.facebook.com/kcsnengbur/ and https://www.facebook.com/KPSN.karen
4 https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-23-31-october-2022





များအပေါ်ဖြည့်ဆည်းမှု ဖြစ်စေပါသည်။ သမားရိုးကျ လုပ်ဆောင်မှုများမှသည်၊ ကြားနေရေးကို ကျော်လွန်၍ လူသားချင်းစာနာမှုဆိုင်ရာ ခုခံရေးလှုပ်ရှားမှုများ[5] အထိ ကျယ်ပြန့်သော တုံ့ပြန်ဆောင် ရွက်မှုများသည် မြန်မာနိုင်ငံတွင် အကျယ်အပြန့်နှင့် အထူးလိုအပ်ချက်များအပေါ် ဖြေရှင်းရန် အတွက် မရှိမဖြစ် လိုအပ်ပါသည်။

ထိုင်းအစိုးရ (RTG) က အသစ်ရောက်ရှိလာသော ဒုက္ခသည်များကို ထိုင်းတော်ဝင်တပ်မတော် (RTA) ကြီးကြပ်မှုအောက်တွင် ရှိမည့် “ယာယီခိုလှုံရေး ဇရိယာများ” တွင် ဦးစားပေးထားရှိ မည်ဟု စည်းကမ်းပြဋ္ဌာန်းခဲ့ပါသည်။ သို့သော်လည်း စစ်အာဏာသိမ်းမှု ၂-နှစ်ခန့် ရှိသည့် အချိန်တိုင်အောင် အသစ်ရောက်ရှိလာသော ဒုက္ခသည်များသည် ယာယီခိုလှုံရေးစခန်းများ သို့ ဝင်ရောက်နိုင်ရေး၊ အကူအညီ ရရှိရေးနှင့် ကာကွယ်မှုရရှိနိုင်ရေးအတွက် အကန့်အသတ်များ ရှိနေသေးကြောင်း သတင်းပေးပို့ကြသည်။ နိုင်ငံရေးအရ နှိပ်ကွပ်ခံရမည်ကိုစိုးရိမ်မှုကြောင့် ထွက်ပြေးလာကြရသည့် လူ့အခွင့်အရေး ခုခံကာကွယ်ကြသူများက ထိုင်းနိုင်ငံတွင် ခိုလှုံခွင့် တောင်းခံကြပြီး၊ တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချကြသည်။ ထိုသူများသည်လည်း အသိအမှတ်ပြုခံရရေး အခက်အခဲများ ကြုံတွေ့နေရဆဲ ဖြစ်သည်။

သို့ဖြစ်ရာ တုံ့ပြန်မှုအနေဖြင့်၊ TBC အဖွဲ့က လတ်တလော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရပ်ရွာက ဦးဆောင်သည့် တုံ့ပြန်ကူညီမှုလုပ်ငန်းစဉ်ကို အားဖြည့်ပေးခဲ့ပါသည်။ ဤ လုပ်ငန်းကို ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် အခြားသော နိုင်ငံတကာအေဂျင်စီများက အားဖြည့်ကူညီ၍ ထိုင်းအစိုးရသို့ တိုက်တွန်းစည်းရုံးမှုများ ပူး ပေါင်းဆောင်ရွက်ခဲ့သည်။ အန္တရာယ်ရှိသော နေရပ်ရင်းသို့ ခိုလှုံလာသူများကို ပြန်လည်မပို့ဆောင်ရေး အခြေခံမူများကို လေးစားလိုက်နာစေရန် ဖြစ်သည်။

ထိုင်းအစိုးရက အသိအမှတ်ပြုထားသော စခန်းများတွင် ကန့်သတ်မှုများမှာ အကျယ်အပြန့် ဆက်၍ တည်ရှိနေသည်။ သို့ဖြစ်ရာ ဒုက္ခသည်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရှာဖွေနိုင်စွမ်း အတွက် ဆက်လက်၍ ဖိအားဖြစ်နေစေသည်။ TBC အဖွဲ့က Covid-19 ကပ်ဘေး ကာလအတွင်း ဝင်ငွေလျော့နည်းကျဆင်းရမှုကို သက်သာစေရန် စားနပ်ရိက္ခာကဒ် စနစ်တွင် ထောက်ပံ့ပေးနေသော တန်ဖိုးကို တိုးမြှင့်ပေးခဲ့သည်။ သို့ဖြစ်ရာ စားနပ်ရိက္ခာ မလုံခြုံမှု မြင့်မားနေသည့် အခြေအနေနှင့် စခန်းများအတွင်း အာဟာရ ရရှိမှုကို အောင်မြင်စွာ လျှော့ပါးစေသည်။ ဒုက္ခသည်များ၏ အဖွဲ့အစည်းများကို ဆက်လက်ရပ်တည်စေနိုင်သည်။

TBC အဖွဲ့က အေဂျင်စီများ၊ သံရုံးများနှင့် ထိုင်းအစိုးရကို ဒုက္ခသည်များ ပြောင်းရွှေ့နေရာချ ထားရေးနှင့် ဒေသတွင်း ပေါင်းစည်းရေး ရွေးချယ်စရာများကို လမ်းဖွင့်ပေးရန် စည်းရုံးတိုက် တွန်းနေသည်။ ထိုင်းနိုင်ငံက ဆက်လက်၍ ရွှေ့ပြောင်းလုပ်သားများကို ဆက်လက်လိုအပ်နေ သည့်အတွက်ကြောင့် ဒုက္ခသည်များအနေဖြင့် တရားဝင် အလုပ်လုပ်ကိုင်ခွင့် အခွင့်အလမ်း သည် စခန်းပြင်ပတွင် ကြားခံအဆင့်တခုအဖြစ် ဆက်လက်ဦးစားပေးဆောင်ရွက်နေသည်။ TBC အဖွဲ့က ဒုက္ခသည်များအားလုံးအတွက် လုံခြုံ၍ ထုတ်လုပ်နိုင်စွမ်းရှိသော နည်းလမ်းများ ကို (အထူးထိခိုက်နစ်နာဖွယ်ရှိသော သူများနှင့် ဘေးဖယ်ကျဉ်ခံရသူများ အပါအဝင် အတွက်) ဆက်လက်၍ တိုက်တွန်းစည်းရုံးနေဆဲ ဖြစ်သည်။

5 https://odihpn.org/publication/humanitarian-resistance-its-ethical-and-operational-importance/

# မဟာဗျူဟာ ဦးတည်ချက်များနှင့် ရည်မှန်းချက်များ

## ဦးတည်ချက် (၁)။ လူသားချင်းစာနာမှုဆိုင်ရာ အရေးပါမှုကို ဦးစားပေးခြင်း

နေရာပြောင်းရွှေ့ထွက်ပြေးနေကြရသူ များနှင့် စစ်ပွဲပဋိပက္ခကြောင့် ထိခိုက်နစ်နာရသူ လူထု များ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပေးရန်၊ ဤသို့ဖြေရှင်းရာတွင် အထူး နစ်နာဖွယ်ရှိသည့်သူများကို အလေးပေးဆောင်ရွက်ရန်၊ ရွှေ့ပြောင်း ထွက်ပြေးရသူ ရပ်ရွာများအတွက် စားနပ်ရိက္ခာ၊ အမိုးအကာနှင့် အစား အသောက်မဟုတ်သည့် ပစ္စည်းများ ကို တန်းတူညီမျှစွာ ရရှိနိုင်ရေး ထောက်ပံ့ပေးရန်။

၁။ ၁။ ဒစ်ဂျစ်တယ်နည်းဖြင့် စောင့်ကြည့်လေ့လာခြင်း အပါအဝင် ဖြစ်သည့် သက်သေ အထောက်အထား အခြေပြု တီထွင်ဆန်းသစ်မှုများကြောင့် လုံလောက်သော အာဟာရပြည့် ဝသည့် အစားအစာများ၊ စားသုံးဆီနှင့် အမိုးအကာများကို တန်းတူညီမျှစွာ လက်ခံရရှိမှုကို ထိုင်းနိုင်ငံရှိ ဒုက္ခသည်များထံသို့ ကူညီတိုးမြှင့်စေသည်။

၁။ ၂။ စခန်းများအတွင်း ဈေးကွက်အခြေပြု စားနပ်ရိက္ခာကဒ်စနစ်ကို စောင့်ကြည့်လေ့လာ၍ စည်းကမ်းထိန်းသိမ်းမှုပြုပြီး၊ စုံလင်ထွေပြားသည့် အာဟာရရှိသော အရည်အသွေးမြင့်အစာများကို သေချာရရှိအောင် ဆောင်ရွက်ပေးနိုင်သည်။ မီးသွေးကိုလည်း ရေရှည်အမြဲတစေ မျှတသော ဈေးနှုန်းဖြင့် ရရှိနိုင်အောင် ဆောင်ရွက်နိုင်သည်။ စောင့်ကြည့်လေ့လာမှု သတင်း များကိုလည်း စခန်းတွင်းနေထိုင်သူများထံသို့ ပုံမှန် မျှဝေပေးသည်။

၁။ ၃။ စခန်းများတွင် အိမ်ဆောက်ပစ္စည်းများကို ထိရောက်စွာ စီမံခန့်ခွဲ၍ မလိုအပ်တော့ သော အဆောက်အဦးများကို ဖျက်သိမ်းစေခဲ့သည်။

၁။ ၄။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အိုးအိမ်စွန့်ပစ် ထွက်ပြေးကြ ရသူများနှင့် စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသူ လူထုများ နှင့် ထိုင်းနိုင်ငံရှိ ဒုက္ခသည်များက လျှင်မြန် စွာ အစားအစာ၊ ယာယီအမိုးအကာ နှင့် အစားအစာ မဟုတ်သည့်ပစ္စည်းများကို အရေးပေါ် အဖြစ် ကူညီပေး နိုင်သည်။

၁။ ၅။ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေး ရယူနိုင်ရန် အတွက် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အိုးအိမ်စွန့်ပစ် ထွက်ပြေး ကြရသူများနှင့် စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသူ လူထုများထံ အရေးပေါ်ကာလတွင် အားဖြည့်ပေးခဲ့သည်။

၁။ ၆။ လူဖန်တီးသည့် သို့မဟုတ် သဘာဝကပ်ဘေးဒုက္ခများအတွက် အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၏ ပြင်ဆင်ထားမှုကို ပစ်မှတ်ထားသည့်၊ တီထွင်ဆန်းသစ်မှုရှိသည့် ဘေးအန္တရာယ် လျှော့ချရေး (DRR) ကြိုးပမ်း ချက်များကို နယ်စပ်နှစ်ဖက်စလုံးတွင် အားဖြည့်ပံ့ပိုးပေး သည်။





## ဦးတည်ချက် (၂)။ ကြံ့ကြံ့ခံနိုင်စွမ်းရည်နှင့် ပြန်လည်ထူထောင်မှုကို အားဖြည့်ပေးခြင်း

နေရာပြောင်းရွှေ့ထွက်ပြေးရခြင်းကြောင့် ရေရှည်သက်ရောက်မှုများ ဖြစ်စေသော စားနပ် ရိက္ခာ လုံခြုံမှုနှင့် အာဟာရရှိရေး ပြဿနာများကို လျော့နည်းကျဆင်းစေရန်၊ နေရာပြောင်း ရွှေ့ထွက်ပြေးနေကြရသူများနှင့် စစ်ပွဲပဋိပက္ခကြောင့် ထိခိုက်နစ်နာရသူများအတွက် အာဟာ ရ ရရှိမှု၊ သဘာဝပတ်ဝန်းကျင် သန့်ရှင်းမှု၊ ဥတုဖောက်ပြန် ပြောင်းလဲမှု အတွက် လျော်ညီ သည့် စိုက်ပျိုးရေး၊ စီးပွားရေးလုပ်ငန်းငယ်များ နှင့် အလုပ်အကိုင်ရရှိမှုတို့ကို မြှင့်တင် ပေးရန်။

၂။ ၁။ ကျန်းမာရေးနှင့်ညီသည့် မိခင်၊ မွေးကင်းစနှင့် ကလေး ကျွေးမွေးမှု (MIYCF) ကျင့်သုံးမှု အစီအစဉ်များကို ထွက်ပြေးကြရသူများနှင့် စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသူ လူထု များအကြား ချမှတ်ကျင့်သုံး၍ ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်မည်။ အထူးသဖြင့် ကလေးများ ၏ ဘ၀ ပထမရက် ၁,၀၀၀ အတွက် ဦးစားပေးဆောင်ရွက်မည် ဖြစ်သည်။

၂။ ၂။ ထွက်ပြေးကြရသူများနှင့် စစ်ပွဲ ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသူ လူထုများ၏ အာ ဟာရ ရရှိမှုအခြေအနေကို စောင့်ကြည့်လေ့လာ၍ ဖြည့်စွက်စာ ကျွေးမွေးမှုအစီအစဉ်ကို ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များနှင့် အသက် ၅ နှစ်အောက်ကလေးများအတွက် ဦးစားပေး ဆောင်ရွက်မည်။

၂။ ၃။ ဥတုဖောက်ပြန်ပြောင်းလဲမှုအပေါ် တုံ့ပြန်နိုင်သည့်၊ အာဟာရရရှိမှုအပေါ် အလေးပေး သော စိုက်ပျိုးရေး ကျင့်သုံးမှုများဖြင့် ထုတ်လုပ်နိုင်စွမ်း၊ ဝင်ငွေနှင့် စားနပ်ရိက္ခာလုံခြုံရေးကို တိုးတက်စေမည်။

၂။ ၄။ ရေရှည်တည်တံ့သည့် စွန့်ဦးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးနှင့် စီးပွားရေး အရ ခွန်အားမြှင့်တင်ပေးရေးကို အမျိုးသမီးများအတွက် အလေးပေးဆောင်ရွက်ပြီး၊ ဒေသခံဈေး ကွက် ထိတွေ့ဆက်ဆံမှုကို အားကောင်းသန်မာလာစေရန် နှင့် ထိုင်းနိုင်ငံတွင်း ဒေသခံ လုပ် ငန်း အခွင့်အလမ်းများ တရားဝင်ဖြစ်ပေါ်လာစေမည်။

၂။ ၅။ စိုက်ပျိုးရေးလုပ်ငန်းများ၏ ထုတ်လုပ်နိုင်စွမ်းနှင့် သဘာဝရင်းမြစ်များကို ရေရှည်တည် တံ့မှုရှိစွာ စီမံခန့်ခွဲမှုကို နယ်စပ်၏ နှစ်ဖက်ခြမ်းလုံးတွင် တိုးတက်ဆောင်ရွက်မည်။ တချိန် တည်းတွင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၌ မြေပိုင်ခွင့် လုံခြုံမှုကို အားဖြည့်ဆောင်ရွက် သွားမည်။

၂။ ၆။ သန့်ရှင်းသော သောက်သုံးရေနှင့် သဘာဝပတ်ဝန်းကျင် သန့်ရှင်းမှုကို အိမ်ထောင်စုများ ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် မြှင့်တင်ဆောင်ရွက်သွားမည်။

## ဦးတည်ချက် (၃)။ ကာကွယ်မှုပေးရေး နှင့် လုံခြုံသော အနာဂတ်များကို မြှင့်တင်ဆောင်ရွက် ပေးခြင်း

နေရာပြောင်းရွှေ့ထွက်ပြေးနေကြရသူ များနှင့် စစ်ပွဲပဋိပက္ခကြောင့် ထိခိုက်နစ်နာရသူများ ဘေးအန္တရာယ်ကျရောက်နိုင်မှုကို လျော့ချပေးရန် နှင့် လုံခြုံ၍ ဂုဏ်သိက္ခာ ရှိသော လမ်းကြောင်းများကို နှိုးဆော်ရှာဖွေနိုင်ရန်၊ မြန်မာနိုင်ငံတွင် လူသားလုံခြုံမှု ရရှိနိုင်ရေး အပါအဝင် လူ့အခွင့်အရေးများကို ခုခံကာကွယ်ပေးရန်၊ ထိုင်းနိုင်ငံတွင် အမိုးအကာနှင့် အလုပ်အကိုင် ရရှိနိုင်ရန် နှင့် တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချနိုင်ရန်။

၃။ ၁။ ရပ်ရွာလူထု ခေါင်းဆောင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ကာကွယ်ပေးမှု ရှိသည့်၊ လိင်ကွဲပြားမှုအပေါ် အကဲသိမြင်သည့် ပတ်ဝန်းကျင်ဖြစ်စေရန် လူမှုရေးအရ ပါဝင် ဆောင်ရွက်စေခြင်း၊ တန်းတူညီမျှမှု နှင့် တာဝန်ယူတာဝန်ခံမှုရှိသည့် ခေါင်းဆောင်မှု အခြေခံ မူများကို လက်တွေ့ကျင်သုံးပြီး မြှင့်တင်အားပေးသွားမည်။



၃။ ၂။ ရပ်ရွာအခြေပြု ကာကွယ်စောင့်ရှောက်ပေးမှုများကို အကြမ်းဖက်မှုများနှင့် ချိုးဖောက်မှု များအပေါ် မှတ်တမ်းပြုစုထားခြင်း နှင့် လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဆိုင်ရာ ဥပဒေများကို မြှင့်တင်အသိပေးခြင်း နည်းများအားဖြင့် ဆောင်ရွက်သွားမည်။

၃။ ၃။ စိတ်ပိုင်း–လူမှုရေး ပံ့ပိုးမှုများ၊ ရပ်ရွာပိုင် စပါးဘဏ်များ.. စသည့် လူမှုကာကွယ်မှုပေး ရေး လုပ်ငန်းစဉ်များဖြင့် အထူးထိခိုက်နစ်နာဖွယ်ရှိသည့် အုပ်စုများအတွက် အားဖြည့်ဆောင် ရွက်သွားမည်။

၃။ ၄။ ကာကွယ်စောင့်ရှောက်မှုပေးသော မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် တသမတ်တည်း ဖြစ်သည့် တုံ့ပြန်မှုများကို အထူးထိခိုက်နစ်နာဖွယ်ရှိသော အုပ်စုများအနေဖြင့် ချိုးဖောက်မခံ ရစေရေး၊ ခေါင်းပုံဖြတ် မခံရစေရေးနှင့် ဘေးအန္တရာယ်မဖြစ်စေရေးတို့အတွက် အားဖြည့်သွား မည်၊ ကျယ်ပြန့်စွာအများသိရှိ ကျင့်သုံးရန် ဆောင်ရွက်သွားမည်။

၃။ ၅။ လိင်မှုဆိုင်ရာနှင့် ကျား–မကွဲပြားမှုကြောင့် ဖြစ်ရသည့် အကြမ်းဖက်မှုများအပေါ် ရပ်ရွာ မှ ဦးဆောင်သည့် တုံ့ပြန်မှုများ ဆောင်ရွက်ရာတွင်၊ အခြားသက်ဆိုင်ရာအဖွဲ့များ လွှဲပြောင်းပေးအပ်ခြင်း၊ နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း၊ ခိုလှုံရာနေအိမ်များ အပါအဝင်ဖြစ်၍ အားကောင်းအောင် ဆောင်ရွက်သွားမည်။

၃။ ၆။ နေရာပြောင်းရွှေ့ ထွက်ပြေးရသည့် ရပ်ရွာလူထုများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း များသည် စခန်းပြင်ပတွင် ဘဝများ ရပ်တည်နိုင်စေရန် အစီအစဉ်ချမှတ်ရာ နှင့် ပြင်ဆင်ရာ တွင် ထိတွေ့ဆောင်ရွက်သွားမည်။ ဒုက္ခသည်များအနေဖြင့် သူတို့၏အနာဂတ်များအတွက် ပို၍ ကောင်းမွန်သော သတင်းသိရှိ၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရမည်။



## ဦးတည်ချက် (၄)။ ဒေသန္တရ အုပ်ချုပ်မှုစနစ်ကို အားကောင်းသန်မာစေခြင်း

ကိုယ်စားပြုမှုကို ပို၍စုံလင်ကျယ်ပြန့်စေရန် နှင့် အစီအစဉ်များနှင့် ဝန်ဆောင်မှုများ ပေးရာ တွင် ပိုင်ရှင်သဖွယ်ဖြစ်မှုနှင့် ကြီးကြပ်မှုလုပ်ငန်းများတွင် တာဝန်ယူတာဝန်ခံမှုကို မြှင့်တင် ပေးရန်။ ဒုက္ခသည်များ၊ အရပ်ဘက်လူမှု မိတ်ဖက်အဖွဲ့အစည်းများ၊ ဒေသန္တရ အာဏာပိုင်များ၊ အလှူရှင်များ၊ အခြားသော အရေးပါသည့် အင်အားစုများ နှင့်အတူ ပူးပေါင်းဆောင်ရွက်၍ အပြောင်းအလဲကို တာဝန်သိစွာနှင့် ပွင့်လင်းမြင် သာမှုရှိစွာ စီမံခန့်ခွဲနိုင်ရန်။

၄။ ၁။ TBC အဖွဲ့၏ ဖွဲ့စည်းထားပုံနှင့် အစီအစဉ်များကို ဒေသခံမိတ်ဖက် အဖွဲ့အစည်းများက တိုး၍ စီမံအုပ်ချုပ်ရမည်ဖြစ်ပြီး၊ ပြောင်းလဲနေသည့် အခြေအနေ၊ လိုအပ်ချက်များနှင့် ရွှေ့ ပြောင်းထွက်ပြေးရသူတို့နှင့် စစ်ပွဲပဋိပက္ခ ဘေးဒဏ်သင့်ရသူ လူထုများ၏ စိုးရိမ်ပူပန်မှုများ နှင့်အညီ တာဝန်သိစွာ ချိန်ညှိဆောင်ရွက်သွားမည်။

၄။ ၂။ ငွေကြေး၊ အုပ်ချုပ်ရေးနှင့် လူသားအရင်းအမြစ် စီမံခန့်ခွဲမှု မူဝါဒများ၊ လုပ်ငန်းစဉ်များ နှင့် စွမ်းဆောင်ရည်တို့ကို TBC အဖွဲ့နှင့် ဒေသခံ မိတ်ဖက် အဖွဲ့အစည်း နှစ်ခုလုံးတို့တွင် မြှင့် တင်၍ တာဝန်ယူတာဝန်ခံ မှုရှိသော၊ ပွင့်လင်းမြင်သာသော၊ ရေရှည်တည်တံ့သော အင်စတိ ကျူးရှင် အဖွဲ့အစည်းစနစ် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်သွားမည်။

၄။ ၃။ TBC အဖွဲ့နှင့် ဒေသခံမိတ်ဖက် အဖွဲ့အစည်း နှစ်ခုလုံးတို့တွင် နည်းပညာစွမ်းဆောင် ရည်ကို ဖွံ့ဖြိုးစေ၍ စောင့်ကြည့်လေ့လာ သုံးသပ်ပြီး၊ တုံ့ပြန်မှုရှိသော၊ ထိရောက်သော၊ ထက် မြက်သော ဝန်ဆောင်မှုများကို အရည်အသွေးမြင့်မားစွာ လုပ်ဆောင်ပေးသွားမည်။

၄။ ၄။ တုံ့ပြန်အကြံပေးမှု နှင့် အကျိုးခံစားခွင့်ရှိသူတို့၏ တိုင်ကြားစာ လုပ်ငန်းစဉ်များကို တိုက်တွန်း၍ ကျယ်ပြန့်စွာ ရပ်ရွာလူထု ပါဝင်လာမှုကို အားပေးသွားမည်။ လွှမ်းမိုးထားသည့် အုပ်စု မဟုတ်သူများကိုလည်း ပါဝင်စေ၍ TBC အဖွဲ့နှင့် မိတ်ဖက်အင်အားစုများ၏ ရပ်ရွာလူ ထုများ အပေါ် တာဝန်ယူတာဝန်ခံမှုကို သေချာ ကူညီဆောင်ရွက်သွားမည်။

၄။ ၅။ ဘေးအန္တရာယ် လျှော့ချရေးကို ဦးစားပေးဆောင်ရွက်၍ အထူးသဖြင့် ဒေသခံမိတ်ဖက် အဖွဲ့အစည်းများ၏ ရုပ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်များကို လျှော့နည်းကျဆင်းစေမည်။ ဤသို့ ဆောင်ရွက်ရာတွင် TBC အဖွဲ့က အလှူရှင်များနှင့် ညှိနှိုင်း၍ အပိုဆောင်းယုံကြည်ရမှု ပြဿနာများကို တာဝန်ယူပေးမည်။

၄။ ၆။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ကိုယ်စားပြုမှုရှိသော၊ တာဝန်ယူတာဝန်ခံ မှုရှိသော ဒေသန္တရ အုပ်ချုပ်မှုစနစ် အဖွဲ့အစည်းများကို မြှင့်တင်ဆောင်ရွက်သွားမည်။ ဤသို့ ဆောင်ရွက်ရာတွင် ဒီမိုကရေစီ အခြေခံမှုများ၊ ပြည်သူ့အုပ်ချုပ်ရေး စွမ်းဆောင်ရည်များ နှင့် အောက်ခြေမှစတင်သည့် ဖက်ဒရယ်စနစ် တည်ဆောက်ခြင်း စသည့်ကိစ္စများ၌ ရင်းနှီးမြှုပ် နှံမှု ပြုသွားမည်။

# စွန့်စားရမှု အန္တရာယ်များကို စီမံခန့်ခွဲမှု

TBC အဖွဲ့၏ ဘေးအန္တရာယ်များကို စီမံခန့်ခွဲမှု မဟာဗျူဟာက စစ်တပ်အာဏာသိမ်းရန် ကြိုး ပမ်းမှုနှင့်အတူ ပဋိပက္ခ မြင့်မားပြင်းထန်လာခြင်းကြောင့် TBC အဖွဲ့၏ဝန်ထမ်းများ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ရပ်ရွာလူထုများ အပေါ် ကျရောက် နေသည့် ကြီးလေးသော လုံခြုံရေး ဆိုင်ရာ စိန်ခေါ်မှုပြဿနာများအပေါ်တွင် အထူး အသိ အမှတ်ပြုပါသည်။ အန္တရာယ်များကို စီမံခန့်ခွဲမှု မဟာဗျူဟာသည် ပျော့ပြောင်း၍ ပြောင်း လွယ်ပြင်လွယ် ရှိပြီး၊ အခြေအနေ တိုးတက်လာသည်နှင့်အမျှ ပြန်လည် သုံးသပ်သွားမည် ဖြစ် သည်။

ဖြစ်လာနိုင်သော စွန့်စားရမှု ဘေးအန္တရာယ်များတွင် လူသားချင်းစာနာမှု အကူအညီများ အပေါ် ကန့်သတ်မှုများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ကိုင်နိုင်ခွင့် နယ်ပယ်ကျုံ့ လာခြင်း၊ ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများအပေါ် ရပ်ပိုင်းဆိုင်ရာအရ ခြိမ်းခြောက်မှုများ၊ အရေးပေါ် အကူအညီတို့ကို စီမံခန့်ခွဲရာတွင် ယုံကြည်မှုဆိုင်ရာ ပြဿနာ၊ ထိုင်းအစိုးရက ဒုက္ခသည်စခန်း ၉ ခု နှင့် ပတ်သက်၍ သည်းခံနိုင်စွမ်း လျှော့ပါးလာပါက နိုင်ငံရေးဆိုင်ရာ အန္တရာယ်သင့်နိုင်မှု၊ အလှူရှင်များ၏ ထိတွေ့မှု ကျဆင်းလာခြင်းနှင့် TBC အဖွဲ့အစည်းထံသို့ ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးမှု ကျဆင်းလာခြင်းတို့ ပါဝင်နိုင်ပြီး၊ ယင်းတို့မျှနှင့် ကန့်သတ် ထားခြင်း မဟုတ်၊ အခြားကိစ္စများ ရှိနိုင်ပါသေးသည်။

TBC အဖွဲ့က ကျရောက်နိုင်သည့် ဘေးအန္တရာယ်များကို ပြန်လည်သုံးသပ်နေ၍ လျှော့နည်း ကျဆင်းစေရေးမဟာဗျူဟာများ၊ အရေးပေါ်အစီအစဉ်များကို ဤစွန့်စားရမှု ဘေးအန္တရာယ် များကို တုံ့ပြန်နိုင်ရန် ပြန်လည်ချိန်ညှိရေးဆွဲသွားမည်။ အလှူရှင်များ၊ အခြားအရေးပါသည့် အင်အားစုများ စသည်တို့၏ မျှော်မှန်းထားချက်များနှင့် လိုအပ်ချက်များအပေါ် ပြန်လည်ညှိ နှိုင်းရန် လိုအပ်မည့် ပြောင်းလဲနေသော အခြေအနေများနှင့်အညီ ပြန်လည် ချိန်ညှိသွားမည်။

TBC အဖွဲ့က ကျရောက်နိုင်သည့် ဘေးအန္တရာယ်များကို စောင့်ကြည့်နေ၍ စခန်းများအတွင်း၊ နယ်စပ်တရိုးနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အကောင်အထည်ဖော်နေသည့် အစီအစဉ်များကို လိုအပ်ပါက ပြန်၍ ချိန်ညှိသွားမည်။ TBC အဖွဲ့ဝင်များနှင့် ခေါင်းဆောင်မှုက ဒုက္ခသည်များ၊ ရွှေ့ပြောင်းထွက်ပြေးလာရသူများနှင့်အတူ အစိုးရများ၊ အလှူရှင်များနှင့် အခြား အရေးပါသည့်အင်အားစုများကို စခန်းများအတွင်း လက်ခံနိုင်သည့် အဆင့်အတန်း ဖြင့် ဝန်ဆောင်မှုများ သေချာ ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် ရန်ပုံငွေများ ရရှိစေ ရေးကို ဆက်လက်၍ တိုက်တွန်းစည်းရုံးသွားမည် ဖြစ်သည်။ မိမိဆန္ဒအလျောက် အိမ်ပြန်ရေးအတွက် လက်ရှိအခြေအနေများအရ မဖြစ်နိုင်ဘဲ၊ Covid 19 ကူးစက်ကပ်ဘေး၏ ထိခိုက် သက်ရောက်မှုများကြောင့်လည်း ဒေသတွင်း ဒုက္ခသည်များ တရားဝင်အလုပ်လုပ်နိုင်ရေး အပေါ် ဆက်လက်၍ ဆိုးကျိုးသက်ရောက်မှု ရှိနေစေသည်။ သို့ဖြစ်ရာ TBC အဖွဲ့က ဒုက္ခသည် များကို ပို၍ ထိရောက်စွာ ကူညီသွားမည်ဖြစ်ပြီး၊ စခန်းပြင်ပတွင် လုံခြုံ၍ ဂုဏ်သိက္ခာရှိသော ဘဝများ တည်ဆောက်နိုင်ရေး အခြားရွေးချယ်စရာနည်းလမ်းများကိုလည်း ရှာဖွေဖော်ထုတ် သွားမည် ဖြစ်ပါသည်။



# ဘဏ္ဍာငွေထောက်ပံ့မှုနှင့် မဟာဗျူဟာ

မြန်မာနိုင်ငံအတွက် TBC အဖွဲ့က အရှေ့တောင်ပိုင်း ဒေသရှိ စစ်ပွဲပဋိပက္ခဒဏ် ခံစားကြရ သည့် လူထုများနှင့် နေရာပြောင်းရွှေ့ထွက်ပြေးကြရသူများအတွက် တို့၏ လိုအပ်ချက်များ နှင့် အထွေထွေလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နောက်ထပ် အရေးပေါ်ရန်ပုံငွေ တောင်းခံမည် ဖြစ်သည်။ ထိုင်းနိုင်ငံအတွက်မူ TBC အဖွဲ့ အနေဖြင့် မရှိမဖြစ်လိုအပ်သည့် လူသားချင်းစာနာမှု ဆိုင်ရာ လိုအပ်ချက်များအတွက် နယ်စပ်စခန်းများတွင် ဒုက္ခသည်များ ရှိနေ သမျှ ကာလပတ်လုံး အလှူရှင် ထောက်ပံ့မှုများ ရှိနေမည်ဟု မျှော်လင့်ထားပါသည်။ TBC အဖွဲ့က နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများ၊ အလှူရှင် များနှင့်အတူ နာတာရှည် ရွှေ့ ပြောင်းထွက်ပြေးရမှုများ ကြောင့် ထိုင်းအစိုးရ၏ ဝန်ထုပ်ဝန်ပိုးနှင့် နောက်ထပ် ဖြစ်ပေါ်လာ စေသည့် မြန်မာနိုင်ငံတွင် အရေးပေါ်လူသား ချင်းစာနာမှုအကူအညီ လိုအပ်မှုများအပေါ် ထောက်ပံ့ ပေးရေး ရန်ပုံငွေ မျှဝေပူးတွဲတာဝန်ရှိယူကြရန် အတွက် တိုက်တွန်းစည်းရုံးသွား မည် ဖြစ်သည်။

TBC အဖွဲ့၏ ဘတ်ဂျက်နှင့် အသုံးစရိတ်များအပေါ် သက်ရောက်သည့်အဓိကပြင်ပအကြောင်းအချက်၃ခုရှိ ပါသည်။ဖော်ပြရလျှင်လူသုံးကုန်ပစ္စည်းများ၏ဈေးနှုန်း၊ စခန်းများ သို့ ရောက်ရှိလာသည့် လူဦးရေနှင့် ထွက်ခွာ သွားသူ နှုန်းထား နှင့် နိုင်ငံခြားငွေ လဲလှယ်မှုနှုန်း များ ဖြစ်ပါသည်။ ဒေသဆိုင်ရာသို့ တာဝန်လွှဲပြောင်းပေး ခြင်း နှင့် ရပ်ရွာလူထုက ဦးဆောင် သည့် အစီအစဉ် များမှတဆင့် TBC အဖွဲ့က အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစရိတ်များ လျှော့ချ နိုင်ရေး ကြိုးပမ်းပါသည်။ တချိန်တည်းတွင် ရပ်ရွာအဖွဲ့အစည်းများအတွက် လည်း ပင်မဖြစ် သည့် ရန်ပုံငွေ ရှာဖွေရရှိနိုင်ရေးကို အသိအမှတ်ပြုထားပါသည်။ TBC အဖွဲ့က အကယ်၍ ဖြစ် လာခဲ့ပါက အဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာ များ အားလုံးရပ်ဆိုင်းရမည်ဆိုလျှင် ပေးဆောင်ရမည့် လျော်ကြေး ထောက်ပံ့မှု ကုန်ကျစရိတ်များအတွက် ရန်ပုံငွေ တစုံတရာကို လည်း ဖယ်ချန်၍ထားပါသည်။


Photo by Karen Information Centre

The Border Consortium
12/5 Convent Road, Silom, Bangrak, Bangkok 10500
www.theborderconsortium.org
https://www.facebook.com/BorderConsortium
: +662 238 5027-8